# အမြည့်ခံ

## လူတန်းစားတစ်ရပ်ဘဲလား

ချင်းပြည် (Chinland) ဖွဲ့စည်းပုံ အခြေခံဥပဒေကို ချင်းပြည် (Chinland) ကောင်စီညီလာခံက ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့ မှာ အတည်ပြုပြီးတဲ့ နောက် ချင်းပြည် (Chinland) ကောင်စီပေါ်ပေါက် လာခဲ့ပါတယ်။ ချင်းပြည် (Chinland) ကောင်စီဟာ ချင်းပြည်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးတို့ကို Chinland Constitution နဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်လို့ ဆိုထားပါတယ်။ ချင်းပြည်သူတစ်ယောက် အနေနဲ့ကော ချင်းလူမျိုးအရေးနဲ့ ချင်းအမျိုးသမီး အခွင့်အရေးလှုပ်ရှားသူတစ်ယောက်အနေနဲ့ကော ချင်းပြည်နဲ့ ချင်းလူမျိုးအတွက် အခြေခံပြီးရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ထွက်ရှိလာတဲ့ အပေါ်မှာ မျှော်လင့်ချက်ရှိခဲ့ပါတယ်။ Chinland Constitution မှာ ချင်းအမျိုးသမီးတွေအတွက် ဘယ်လိုပြဌာန်းချက်တွေ ပြဌာန်းပေးထားလဲ ဆိုတာကိုလည်း စိတ်ဝင်စားမိပါတယ်။ ဒါ့ကြောင့် Chinland Constitution စပြီးထွက်ရှိလာတဲ့အချိန် ကတည်းက အထဲမှာပါတဲ့ ဥပဒေပုဒ်မတွေကို ဖတ်ရှုလေ့လာဖြစ်ခဲ့ပါတယ်။

ဒီနေရာမှာ စကားပလ္လင်ခံထားချင်တာတစ်ခုက စာရေးသူအနေနဲ့ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာတဲ့အခါမှာ နိုင်ငံရေးပညာရှင်တစ်ယောက်၊ ဥပဒေပညာရှင်တစ်ယောက်လို ဖတ်ရှုဝေဖန်တာမျိုး မဟုတ်ဘဲနဲ့ သာမန် ချင်းပြည်သူတစ်ယောက်၊ ချင်းအမျိုးသမီးတစ်ယောက်အနေနဲ့ဘဲ ဖတ်ရှုလေ့လာတာ ဖြစ်ပါတယ်။ ဖတ်ရှုလေ့လာသုံးသပ်ချက်ကို အနည်းငယ်



Photo: author

ဆွေးနွေးတင်ပြလိုပါတယ်။ ဒီလေ့လာသုံးသပ်ချက်ဟာလည်း ဘယ်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမှ ကိုယ်စားပြုထားတာမဟုတ်ဘဲ စာရေးသူရဲ့ ကိုယ်ပိုင်သုံးသပ်ချက်အမြင်သာဖြစ်တယ် ဆိုတာကိုလည်း ကြိုပြောထားပါရစေ။

ဆိုတော့ လေ့လာကြည့်လိုက်တဲ့အခါမှာ Chinland Constitution ရဲ့အခန်း (၆) တရားစီရင်ရေးကဏ္ဍမှာ ပါတဲ့ ပုဒ်မ (၈၁) မှာ ရေးထားတဲ့ အကြောင်းအရာတစ်ခုကိုသတိထားမိပါတယ်။ အဲ့ဒီမှာ

> ချင်းဓလေ့ထုံးစံအရ ချင်းလူမျိုးတွေဟာ ဖခင်ရဲ့မျိုးရိုးကိုဘဲ ဆက်ခံရပြီး မိခင်ဟာ ဖခင်ရဲ့မျိုးရိုးကိုဆက်ခံမယ့် ရင်သွေးငယ်တွေကို မွေးထုတ်ပေးရတဲ့၊ ပြုစုပျိုးထောင်ပေးတဲ့ တာဝန်ရှိသူတစ်ယောက်သာဖြစ်ပြီး သူ့ရဲ့မျိုးရိုးဖြစ်တည်မှုကတော့ သူ့ရဲ့သားသမီးတွေအတွက် အသုံးမဝင်လှတဲ့အရာ၊ အရေးမကြီးတဲ့အရာသာ ဖြစ်လို့နေပါတယ်။

ရေးထားတာကို ပြန်ကောက်ရရင် - "၈၁။ ချင်းတောင်တန်းအက်ဥပဒေ (1896 Chin Hills Regulation)၊ ချင်းဝိသေသတိုင်းအက် ဥပဒေ (1948 Chin Special Division Act) နှင့် ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချင်းပြည် (Chinland) တရားစီရင်ရေးအာဏာကို ကျင့်သုံးသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမရှိသော ဒေသအလိုက်ကျင့်သုံးသည့် ချင်းရိုးရာဓလေ့ထုံးတမ်းများ၊ တည်ဆဲဥပဒေများကိုလည်း ကျင့်သုံးနိုင်သည်" ဆိုပြီး ဖော်ပြထားပါတယ်။

ဒီမှာ "Chin Special Division Act" အကြောင်းကို ချင်းလူမျိုးတော်တော်များများ ကြားဖူးနားဝ သိထား၊ လေ့လာဖူးထားလိမ့်မယ်လို့ထင်ပါတယ်။ အနည်းငယ်ပြန်ရှင်းပြရရင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိတဲ့ ၁၉၄၈ ခုနှစ်မှာ ချင်းတောင်များစည်းမျဉ်းဥပဒေကို ဖျက်သိမ်းပြီး "Chin Act" လို့အတိုကောက်နဲ့လူသိများတဲ့ ချင်းဝိသေသတိုင်းအက်ဥပဒေ "The Chin Special Division Act" ကို ပြဋ္ဌာန်းခဲ့ပါတယ်။ စတင်ပြဋ္ဌာန်းတဲ့အချိန်မှာ ချင်းဝိသေသတိုင်းမှာတင်မက နယ်ချင်းဆက်စပ်မှုရှိနေတဲ့ ဒေသတွေမှာပါ ထိုဥပဒေရဲ့ အာဏာသက်ရောက်မှု ရှိခဲ့ပါတယ်။ ၁၉၅၇ ခုနှစ်၊ အဲ့ဒီဥပဒေကိုပြင်ဆင်ပြီးနောက်မှာတော့ ဥပဒေရဲ့ အာဏာသက်ရောက်မှုကို ချင်းဝိသေသတိုင်းအတွင်းမှာ ကန့်သတ်ထားပြီး ၁၉၇၄ ခုနှစ် ချင်းဝိသေသတိုင်းမှ ချင်းပြည်နယ်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့တဲ့နောက်ပိုင်းမှာ "Chin Act" ကို ချင်းပြည်နယ်အတွင်း လက်တွေ့ကျင့်သုံးမှုနည်းသွားပေမယ့် ဥပဒေကတော့ ဆက်လက်အသက်ဝင်နေဆဲ ဖြစ်ပါတယ်။ တော်လှန်ရေးကာလ ချင်းလဲန်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၂၀၂၃) ရဲ့ တရားစီရင်ရေးကဏ္ဍမှာ ဒီ "Chin Act" ကိုလည်း ပြန်လည်ကျင့်သုံးမယ်ဆိုတာကို ဖော်ပြထားပါတယ်။

"Chin Act" ရဲ့ ပုဒ်မ ၁၅ (က) က ချင်းဓလေ့ထုံးတမ်းတွေကို အသိအမှတ်ပြုလက်ခံထားပြီး လက်တွေ့ ကျင့်သုံးခွင့်ပြုထားပါတယ်။ ပုဒ်မ ၁၅ (က) ရဲ့

နောက်ဆက်တွဲဇယားပါအချက်များ (နောက်ဆက်တွဲ-၁) က ချင်းဓလေ့ထုံးတမ်းတွေအပေါ် အခြေခံထားတာ ဖြစ်ပြီး အမွေဆက်ခံခြင်းအပိုင်းမှာတော့ ယောကျ်ား တွေကိုသာ အမွေဆက်ခံခွင့်ပေးထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အမွေပစ္စည်းဆိုတဲ့နေရာမှာ အတိအကျပြောရရင် “မြေယာ” ပိုင်ဆိုင်ခွင့်၊ “နေအိမ်” ပိုင်ဆိုင်ခွင့်ကို အမျိုးသမီးတွေကို ပေးထားခြင်းမရှိပါဘူး။ ချင်းဓလေ့ထုံးစံအရ ချင်းလူမျိုးတွေဟာ ဖခင်ရဲ့



Photo :Author

မျိုးရိုးကိုဘဲ ဆက်ခံရပြီး မိခင်ရဲ့မျိုးရိုးဆိုတာ သူတို့ အတွက် အရေးမကြီးတဲ့အရာသာလျှင်ဖြစ်ပါတယ်။ အမျိုးသမီးတစ်ယောက်ဟာ အိမ်ထောင်ကျပြီးရင် ကိုယ့်ယောကျ်ားရဲ့အမျိုးဖြစ်သွားပြီး ကိုယ့်ဝမ်းနဲ့လွယ် အသက်စွန့်ပြီး မွေးဖွားပေးလိုက်တဲ့ ကိုယ့်ရဲ့ သွေးသား ကိုယ့်ရဲ့ကလေးတွေဟာလည်း ကိုယ့်ရဲ့ သွေးသားမဖြစ်ဘဲ အဖေဖြစ်သူရဲ့ သွေးသားဘဲ ဖြစ်သွားပါတယ်။ ဇီဝသိပ္ပံ နည်းအရ သားယောကျ်ားလေးဖြစ်စေ၊ သမီးမိန်းကလေး ဖြစ်စေ မိခင်ရဲ့ “X” Chromosome ကို တစ်ဝက်စီ ပိုင်ဆိုင်ထား ကြပေမယ့် ချင်းရိုးရာထုံးစံမှာတော့ မိခင်ရဲ့ သွေးသားတစ်ဝက်ပါရှိမှုကို မျက်ကွယ်ပြုပြီး ဖခင်ရဲ့သွေးသားဘဲ အပြည့်အဝဖြစ်သွားပါတယ်။

ဒီအချက်ကိုကြည့်ခြင်းအားဖြင့် ကမ္ဘာမှာ သိပ္ပံပညာထွန်းကားပြီး နည်းပညာတွေဘယ်လောက်ဘဲ ခေတ်မီတိုးတက်နေပေမယ့် ချင်းအသိုင်းအဝိုင်းမှာတော့ အမျိုးသမီးတွေကို အဖြည့်ခံဘဝ၊ ဒုတိယတန်းစား မှာဘဲထားရှိတဲ့ ရှေးရိုးစွဲဓလေ့ထုံးစံကို ကျင့်သုံးနေဆဲ

ဖြစ်တယ်ဆိုတာကို တွေ့နိုင်ပါတယ်။ ဒီနေရာမှာ အမျိုးသမီးတွေအနေနဲ့ ပစ္စည်း ဥစ္စာ၊ အိမ်ယာ၊ လယ်မြေ မပိုင်ဆိုင်ရခြင်းကို မကျေနပ်မှုဖြစ်ခြင်းဆိုတာထက် ချင်းအသိုင်းအဝိုင်းမှာ ချင်းအမျိုးသမီးတွေကို လူသားတစ်ယောက်လို တင်းပြည့်ကျပ်ပြည့် သဘော မထားနိုင်ဘဲ အမျိုးသားတွေထက် တစ်ဆင့်နိမ့်တဲ့ သူတွေလို Identity (ကိုယ်ပိုင်အမှတ်လက္ခဏာ) အပြည့်အဝမရှိတဲ့သူတွေလို သဘောထားခြင်းကို ထောက်ပြရခြင်း ဖြစ်ပါတယ်။

အမျိုးသမီးတွေရဲ့ တန်းတူအခွင့်အရေးရပိုင်ခွင့်ကို ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်းမရှိဘူးဆိုတာကို တွေ့နိုင်ပါတယ်။ ချင်းပြည်သူအားလုံးရဲ့ တန်းတူညီမျှမှုကို ချင်းလဲန်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပေမယ့် လက်တွေ့ကျင့်သုံးမှုအပိုင်းမှာ အမှန်တကယ်ဖော်ဆောင်နိုင်မလားဆိုတာ စောင့်ကြည့်လေ့လာရမှာ ဖြစ်ပါတယ်။

နိုင်ငံရေးကဏ္ဍဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်တွေမှာ အမျိုးသမီးပါဝင်မှု ဘယ်လောက်အရေးကြီးတယ်

### “Chin Act” ရဲ့ ပုဒ်မ ၁၅ (က) ကို ပြင်ဆင်နိုင်ခြင်းမရှိဘဲနဲ့ အမျိုးသမီးတွေ တန်းတူအမွေဆက်ခံ ပိုင်ခွင့်ရှိနိုင်မလားဆိုတာ မေးခွန်းထုတ်စရာဖြစ်နေပါတယ်။

Chinland Constitution (2023) အခန်း (၆) ပုဒ်မ ၈၁ ရဲ့နောက်ဆုံးစာကြောင်းမှာတော့ “ဤဖွဲ့စည်းပုံ၊ အခြေခံဥပဒေနှင့် ဆန့်ကျင်မှုမရှိသော ဒေသအလိုက် ကျင့်သုံးသည့် ချင်းရိုးရာဓလေ့ ထုံးတမ်းများ၊ တည်ဆဲဥပဒေများကိုလည်း ကျင့်သုံးနိုင်သည်” ဆိုတာကိုရေးထားပါတယ်။ Chinland Constitution (2023) အခန်း (၁) ချင်းပြည်ကောင်စီ အခြေခံမူများရဲ့ ပုဒ်မ ၁၆ မှာ “ချင်းပြည်(Chinland) ပြည်သူများသည် နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများတန်းတူမှုရှိရမည်။ ထို့အပြင် လူနည်းစု အခွင့်အရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများကို ကာကွယ်ပေးရမည်” လို့ရေးထားပါတယ်။ ဒါပေမယ့် အမျိုးသမီးတွေကို တန်းတူအခွင့်အရေးပေးမထားတဲ့ “Chin Act” ကို ချင်းပြည်အတွင်းတရားစီရင်ရေးမှာ ကျင့်သုံးမယ်လို့ ဥပဒေပြဋ္ဌာန်းထားပြန်တယ်။ ဒါကိုကြည့်မယ်ဆိုရင် ချင်းလဲန်းရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ဆိုတာ “Chin Act” ရဲ့ ပုဒ်မ ၁၅ (က) ကို ကြည့်ခြင်းအားဖြင့်တွေ့နိုင်ပါတယ်။ ဒါဟာ ရှေးယခင်ကတည်းက ချင်းနိုင်ငံရေးအခင်းအကျင်းမှာ အမျိုးသမီးတွေ ပါဝင်နိုင်ခြင်းမရှိခဲ့ဘူးဆိုတာကို ပြသနေတာပါ။ ဒီဥပဒေတွေကို ရေးဆွဲပြဋ္ဌာန်းခဲ့တာ၊ ပြန်လည်ပြုပြင်တာ စတာတွေကို အမျိုးသားတွေ သာလုပ်ခဲ့၊ လုပ်ပိုင်ခွင့်ရှိခဲ့လို့ဘဲ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေပြုရေးအခန်းကဏ္ဍတို့လို အရေးကြီးတဲ့အခန်းကဏ္ဍ တွေမှာ အမျိုးသမီးတွေပါဝင်နိုင်ခွင့်၊ ဆုံးဖြတ်ချက်ချနိုင်ခွင့်တွေဟာ အင်မတန် အရေးကြီးတာဘဲဖြစ်ပါတယ်။

တရားမျှတမှုရရှိရေးအတွက် ဆင်နွှဲနေတဲ့ ယခု တော်လှန်ရေးကြီးမှာလည်း ကဏ္ဍစုံမှာ အမျိုးသမီးတွေ

ပါဝင်ဆုံးဖြတ်နိုင်ခွင့်ရရှိရေးဟာ ပိုလို့တောင် လိုအပ်နေပါတယ်။

World Economic Forum ရဲ့စစ်တမ်း တွေအရ ကမ္ဘာလုံး အတိုင်းအတာနဲ့ အမျိုးသမီးများ မြေယာ စိုက်ပျိုးမှုမှာပါဝင်မှုဟာ ၆၀% ကနေ ၈၀ % ရှိပေမယ့် မြေယာပိုင်ဆိုင်မှုမှာတော့ ၂၀ % အောက်သာရှိတယ်လို့ ဆိုပါတယ်။ United Nations Food and Agriculture Organization ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ရဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ (၃၄) နိုင်ငံကို စစ်တမ်းကောက်ယူမှုတစ်ခုမှာတော့ အမျိုးသမီးတွေရဲ့မြေယာပိုင်ဆိုင်မှု ရာခိုင်နှုန်းဟာ ၁၀% ထက် နည်းတယ်လို့ဖော်ပြထားပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ အမျိုးသမီးတွေဖြစ်ပြီး သူတို့ထဲက သန်း (၄၀၀) ကျော်ဟာ လယ်ယာစိုက်ပျိုးပြီး ကမ္ဘာ့စားနပ်ရိက္ခာအများစုကို ထုတ်လုပ်နေပါတယ်။



**Photo: Author**

သို့သော်လည်းဘဲ နိုင်ငံပေါင်း (၉၀) ကျော်က အမျိုးသမီးလယ်သမားတွေကတော့ လယ်ယာမြေပိုင်ဆိုင်ခွင့်ကို တန်းတူညီမျှမရရှိကြပါဘူး။ Inter-Parliamentary Union (IPU) ရဲ့ ဒေတာအချက်အလက်အရ ကမ္ဘာ့နိုင်ငံအားလုံးရဲ့ ပါလီမန်အမတ်နေရာမှာ အမျိုးသမီးတွေပါဝင်မှုဟာလည်း ၂၆.၅ % သာရှိနေပါတယ်။ ချင်းလူမျိုး တွေကိုကိုယ်စားပြုတယ်လို့ပြောလို့ရတဲ့ Chinland Council ရဲ့ အစိုးရအဖွဲ့မှာလည်း အမျိုးသမီးပါဝင်မှု ရာခိုင်နှုန်းဟာလည်း ၁၀% ကျော်လေးသာ ရှိနေပါတယ်။ ဒီအချက်အလက်တွေကိုကြည့်မယ်ဆိုရင် ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်ရှိနေတဲ့ အမျိုးသမီးတွေရဲ့ ကိုယ်စားပြုမှုဟာဆိုရင် ၃၀ % အောက်သာရှိနေတုန်းပါ။ ဒါဟာ အမျိုးသမီးတွေမွေးရာပါ အရည်အချင်းမရှိခြင်း ဆိုတာထက် လူ့အဖွဲ့အစည်းအတွင်းက အမျိုးသမီးတွေ အပေါ်ဖိနှိပ်ထားတဲ့ ဥပဒေတွေ၊ နိုင်ငံရေးစနစ်တွေ၊ ဘာသာရေး၊ ရိုးရာယဉ်ကျေးမှု အစဉ်အလာ၊ ဓလေ့ထုံးစံ ပုံစံခွက်တွေရဲ့ အကျိုးသက်ရောက်မှုကြောင့်ဘဲ ဖြစ်ပါတယ်။

ဒါဟာ အမျိုးသမီးတွေမွေးရာပါ အရည်အချင်းမရှိ ခြင်း ဆိုတာထက် လူ့အဖွဲ့အစည်းအတွင်းက အမျိုးသမီးတွေ အပေါ်ဖိနှိပ်ထားတဲ့ ဥပဒေတွေ၊ နိုင်ငံရေးစနစ်တွေ၊ ဘာသာရေး၊ ရိုးရာယဉ်ကျေးမှု အစဉ်အလာ၊ ဓလေ့ထုံးစံ ပုံစံခွက်တွေရဲ့ အကျိုးသက်ရောက်မှုကြောင့်ဘဲ ဖြစ်ပါတယ်။

ချင်းလူမျိုးတွေတော်လှန်ရေးကိုဆင်နွှဲနေတယ်ဆိုတာ ရန်သူကိုချေမှုန်းခြင်း၊ မိမိအင်အားတည်ဆောက်ခြင်းတို့ထက်ပိုတဲ့ စစ်အာဏာရှင်စနစ်ဆိုးကို တော်လှန်နေကြတာဖြစ်တယ်။

> လူမြင်ကောင်းရုံသက်သက်၊ ကိုယ့်အဖွဲ့အစည်းနာမည်ကောင်းချင်ရုံသက်သက်နဲ့ အမျိုးသမီးတွေကို နေရာပေးတာထက် တကယ့်ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်တွေမှာ အမျိုးသမီးတွေ အမှန်တကယ်ပါဝင်လာဖို့ကို ကြိုးစားကြရမှာဖြစ်ပါတယ်။

ချင်းလူမျိုးတွေအနေနဲ့ စစ်အာဏာရှင်စနစ်အပြင် စစ်အာဏာရှင်စနစ်နောက်မှာ ထပ်ကြပ်မကွာ လိုက်လာတဲ့ အာဏာရှင်စနစ်မျိုးစုံကိုလည်း တော်လှန်ရမှာပါ။ အာဏာရှင်စနစ်ရဲ့ သဘောသဘာဝဖြစ်တဲ့ ဖိနှိပ်ချုပ်ချယ်ခြင်း၊ ချုပ်ကိုင်လွှမ်းမိုးခြင်း၊ ခြယ်လှယ်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခြင်း စတာတွေကိုပါတော်လှန်ပြီး ကောင်းမွန်မျှတပြီး အားလုံးပါဝင်တဲ့ စနစ်တစ်ခုကို တည်ဆောက်ကြရမှာပဲ ဖြစ်ပါတယ်။ ဆိုးရွားနိမ့်ကျတဲ့ လူမှုရေးစနစ်၊ နိုင်ငံရေးစနစ်ဟောင်းတွေကို တိုက်ဖျက်ကြရမှာဘဲ ဖြစ်ပါတယ်။

ချင်းလူမျိုးတွေတော်လှန်နေတဲ့ အာဏာသိမ်းစစ်ကောင်စီဟာလည်း အမျိုးသမီးအခွင့်အရေး၊ လူ့အခွင့်အရေးတွေကို ပိတ်ပင်တားဆီးကန့်သတ်ပြီး ဒုစရိုက်ပေါင်းစုံကို ကျူးလွန်နေတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ လိင်ခွဲခြားခြင်း၊ လူမျိုးရေးခွဲခြားခြင်း၊ အသားအရောင်ခွဲခြားခြင်း၊ ဘာသာရေးခွဲခြားခြင်း၊ လူတန်းစားခွဲခြားခြင်း စတဲ့ အာဏာရှင်လုပ်ရပ်တွေကိုကျူးလွန်နေတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အာဏာရှင်စနစ်ကိုတော်လှန်ရာမှာ စစ်ကောင်စီကို အဓိကထား တော်လှန်နေကြတာ ဖြစ်ပါတယ်။

စစ်ကောင်စီကိုတော်လှန်နေသူတို့ဟာ စစ်ကောင်စီရဲ့ စရိုက်လက္ခဏာတွေနဲ့ မတူတဲ့ အတွေးအခေါ်၊ ပြုမူလုပ် ဆောင်ချက်တွေ ရှိနေဖို့လိုအပ်ပါတယ်။ ကိုယ်တိုင်ဆန့်ကျင်တော်လှန်နေတဲ့ အစုအဖွဲ့ရဲ့ စရိုက်၊ အတွေးအခေါ်၊ အပြုအမူစတာတွေကို ခြွင်းချက်နဲ့ (သို့မဟုတ်) အကြောင်းပြချက်မျိုးစုံနဲ့ လက်ခံကျင့်သုံးနေမယ်ဆိုရင် တရားမျှတမှုရရှိရေးအတွက် ဆင်နွှဲနေပါတယ်ဆိုတဲ့ အခုတော်လှန်ရေးကြီးဟာလည်း အပြောနဲ့အလုပ် မကိုက်ညီတဲ့ အပေါ်ယံတော်လှန်ရေးသာဖြစ်နေပါလိမ့်မယ်။ ပြီးတော့ အမျိုးသမီးတွေကို ခွဲခြားဆက်ဆံခြင်း၊ ဖိနှိပ်ဖယ်ကြဉ်ခြင်းစတာတွေဟာ “ဒီမိုကရေစီ” ကိုဆန့်ကျင်တဲ့လုပ်ရပ်တွေသာ



Photo: Author

ဖြစ်ပါတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ လွတ်လပ်ခွင့်၊ ဖက်ဒရယ် စတာတွေကိုလိုချင်ပြီး အမျိုးသမီးတွေရဲ့ တန်းတူအခွင့်အရေးရပိုင်ခွင့်ကိုတော့ မသိကျိုးကျွံပြုနေကြမယ်ဆိုရင် စစ်ကောင်စီရဲ့ "စည်းကမ်းနဲ့ ပြည့်ဝသောဒီမိုကရေစီ" ဆိုသလိုမျိုး ဒီမိုကရေစီကို သူတို့သဘောဆန္ဒအတိုင်း ကန့်သတ်ချက်တွေနဲ့ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ "တစ်ပိုင်းတစ်ပြတ် ဒီမိုကရေစီစနစ်" လိုမျိုးကို ကျင့်သုံးချင်တဲ့ပုံစံမျိုးနဲ့ အလားသဏ္ဍာန်တူသွားမှာ ဖြစ်ပါတယ်။

> ကိုယ်တိုင်ဆန့်ကျင်တော်လှန်နေတဲ့ အစုအဖွဲ့ရဲ့စရိုက်၊ အတွေးအခေါ်၊ အပြုအမူစတာတွေကို ခြွင်းချက်နဲ့ (သို့မဟုတ်) အကြောင်းပြချက်မျိုးစုံနဲ့ လက်ခံကျင့်သုံးနေမယ်ဆိုရင် တရားမျှတမှုရရှိရေး အတွက်ဆင်နွှဲနေပါတယ်ဆိုတဲ့ အခုတော်လှန်ရေး ကြီးဟာလည်း အပြောနဲ့အလုပ် မကိုက်ညီတဲ့ အပေါ်ယံတော်လှန်ရေး သာဖြစ်နေပါလိမ့်မယ်။

နောက်ထပ်အကြောင်းအရာတစ်ခုကတော့ "အမျိုးသမီးတွေ ကမ္ဘာဦးကတည်းကနေ ဒီနေ့အထိ တန်းတူအခွင့်အရေးကိုအော်နေကြတုန်းဘဲ။ ဘာတွေများ မယ်မယ်ရရထူးခြားလာလို့လဲ" ဆိုပြီး တချို့သောအမျိုးသားနိုင်ငံရေးသမားတွေက အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူတွေနဲ့ အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုတွေအပေါ်မှာ အရေးမကြီးသလို၊ အထင်အမြင်သေးသလို၊ ခနဲ့သလို ပြောတတ်ကြတယ်။ ဒါပေမယ့် အမျိုးသမီးတွေတန်းတူအခွင့်အရေးနဲ့ အလှမ်းဝေးနေဆဲဖြစ်နေတာဟာ နဂိုကတည်းက တည်ရှိနေတဲ့ တန်းတူညီမျှမှုမရှိတဲ့ လူမှုယဉ်ကျေးမှု အဆောက်အဦးကြောင့်လား ဒါမှမဟုတ် လူ့အဖွဲ့အစည်းအတွင်းက အာဏာပါဝါ ကိုလက်ကိုင်ထားသူတွေရဲ့ နိုင်ငံသားအားလုံး တန်းတူညီမျှမှုရရှိရေးအတွက် လုပ်ဆောင်ချင်တဲ့ နိုင်ငံရေးစေတနာရှိမှု အားနည်းနေလို့လားဆိုတာလည်း မေးခွန်းထုတ်စရာဖြစ်လို့နေပါတယ်။ အမျိုးသားနိုင်ငံရေးခေါင်းဆောင်တွေအနေနဲ့လည်း ဒီလိုမေးခွန်းတွေကို မေးခွန်းထုတ်ဖို့ကိုတော့ မေ့လျော့နေကြဟန်တူပါတယ်။



Photo: Author

နိုင်ငံရေးမှာ အမျိုးသမီးပါဝင်မှုကို မြှင့်တင်တယ်ဆိုပြီး ရှိတဲ့လူ၊ တွေ့တဲ့လူတွေကို ဆွဲခန့်နေရာပေးပြီး အမျိုးသမီးတွေ ပါဝင်ပါတယ်ဆိုရုံလောက်နဲ့ ဟန်ပြသဘောထားရှိခြင်းဟာလည်း အမျိုးသမီး ပါဝင်မှုကို မြှင့်တင်တယ်လို့ မဆိုနိုင်ပါဘူး။ လူမြင်ကောင်းရုံသက်သက်၊ ကိုယ့်အဖွဲ့အစည်းနာမည်

ကောင်းချင်ရုံသက်သက်နဲ့ အမျိုးသမီးတွေကိုနေရာ ပေးတာထက် တကယ့်ဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်တွေမှာ အမျိုးသမီးတွေ အမှန်တကယ်ပါဝင် လာဖို့ကို ကြိုးစားကြရမှာဖြစ်ပါတယ်။ ထို့အတူ လက်တွေ့မြေပြင်မှာ ကျင့်သုံးအကောင်အထည်ဖော်နိုင်ဖို့ ကိုလည်း အလေးပေး ဆောင်ရွက်သင့်ပါတယ်။

အမျိုးသမီးတွေ ဆုံးဖြတ်ချက်ချခြင်း ဖြစ်စဉ်တွေမှာ ပါဝင်မှုဟာ အလှပြဖို့၊ လူကြည့်ကောင်းဖို့အနေနဲ့



Photo: Author

အမျိုးသမီးခေါင်းဆောင်တွေကိုလည်း အမျိုးသမီး ဖြစ်ခြင်းအပေါ် အကြောင်းပြုပြီး ဓလေ့ထုံးတမ်း အစဉ်အလာ၊ ဘာသာရေးအစဉ်အလာ၊ ယဉ်ကျေးမှု စတာတွေနဲ့ ကန့်သတ် ပိတ်ပင်မှုမျိုးမပြုလုပ်ဘဲ လူသားတစ်ယောက်လို အပြည့်အဝလေးစားမှု ပေးနိုင်ရပါမယ်။ နိုင်ငံတကာ လူ့အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေး နဲ့ပတ်သက်တဲ့ သဘောတူညီချက်တွေ၊ စာချုပ်တွေကို နာမည်ကောင်းချင်ရုံလောက်နဲ့ ဟန်ပြ လက်မှတ်ရေးထိုးတာမျိုးမဟုတ်ဘဲ စာချုပ်ပါ အချက်အလက်တွေ၊ သဘောတူညီချက်တွေကို မဟုတ်ဘဲ လူမျိုး တစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြီး ရှေ့ကိုတက်လှမ်းနိုင်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဟန်ချက်ညီမျှပြီး တရားမျှတလွတ်လပ်မှုရှိတဲ့ လူ့အသိုက်အဝန်းတစ်ခုကို ထုဆစ်ပုံဖော်နိုင်ဖို့ မောင်းနှင်အားလည်း ဖြစ်လို့နေပါတယ်။

**-Rai Boel**